လေသာကျေးရွာအုပ်စု၊မဲဇာလေးကျေးရွာ

ထီးချိုင့်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉-၂၀၂၃)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လေသာကျေးရွာအုပ်စု၊မဲဇာလေးကျေးရွာ၊ ထီးချိုင့်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ထီးချိုင့်မြို့နယ်မှ ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဇူလိုင်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	မဲဇာလေးကျေးရွာ သယံဇာတပြမြေပုံ၊ ထီးချိုင့်မြို့နယ်	၅
	မဲဇာလေးကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန် ထီးချိုင့်မြို့နယ်	၆
	ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလ သတ်မှတ်ချက်ဇယား	၇
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	၈
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	၈
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၈
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	၉
	(က) သီးနှံ စိုက်ပျိုးရေး	၉
	(ခ) မွေးမြူရေးလုပ်ငန်း	၉
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၀
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	၁၀
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	၁၀
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၀
	(ခ) ကျေးရွာ မီးလင်းရေး	၁၁
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၁
၆။	**ပညာရေး**	၁၁
၇။	**ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	၁၂
၈။	**ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၂
၉။	**ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**	၁၃
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ**	၁၄
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၇
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၈
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၅၆
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	၆၃
	နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	၆၅
	နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	၆၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ် အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံး သောလူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့်စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေး သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကိုစီစဉ်ချမှတ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုအများစုနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများ နှင့်လုပ်ထုံးလုပ်နည်းများကိုမသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် သင်တန်း လုပ်ဆောင်ပေးရုံသာမက နည်းပေးလမ်းပြကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက် အလက်တို့၏အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သောကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင်ထပ်မံလိုအပ် သောကိန်းဂဏန်း၊အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ပေါ်ပေါက်လာသည့် အခက်အခဲများနှင့်ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီ အစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။


ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ၊ နှစ်စဉ်ဦးစားပေးစီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြ ဇယားစသည်တို့ကိုအဓိကထား ဖော်ပြထားပါသည်။

ဇူလိုင်လ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မဲဇာလေးကျေးရွာ
ထီးချိုင့်မြို့နယ်

ထီးချိုင့်မြို့နယ်၊လေသာအုပ်စု၊မဲဇာလေးကျေးရွာသယံဇာတပြမြေပုံ



ထီးချိုင့်မြို့နယ်၊ လေသာကျေးရွာအုပ်စု၊ မဲဇာလေးကျေးရွာ၏ ရာသီခွင်ပြပြက္ခဒိန်

စဉ်	အကြောင်းအရာ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီးတင်းကျွတ်	တန်ဆောင်းမုန်း	နတ်တော်	ပြာသိုလ်	တပို့တွဲ	တပေါင်း
၁	စိုက်ပျိုးရေး	နွေစပါးပဲမျိုးစုံရိတ်သိမ်း	နွေစပါးပဲမျိုးစုံရိတ်သိမ်း	ပျိုးကြဲ	မိုးစပါးစိုက်	မိုးစပါးစိုက်	မိုးစပါးစိုက်	ပဲမျိုးစုံစိုက်	မိုးစပါးစိုက်သိမ်းပဲမျိုးစုံစိုက်	မြေပဲစိုက်	နွေ၊ စပါးစိုက်	ပဲမျိုးစုံရိတ်သိမ်း	ပဲမျိုးစုံရိတ်သိမ်း
၂	မွေးမြူရေး	-	ဝက်တုတ်ကွေး၊ နားရွက်ပြာ	ဝက်တုတ်ကွေး၊ နားရွက်ပြာ	-	-	ခွာနှာလျှာနာ	ခွာနှာလျှာနာ	-	-	-	-	-
၃	ကျန်းမာရေး	-	-	-	ငှက်ဖျားတုတ်ကွေး	ငှက်ဖျားတုတ်ကွေး	-	-	-	-	-	-	-
၄	ပညာရေး	မြေစကူးလ်သင်ကြားခြင်း	မြေစကူးလ်	ကျောင်းဖွင့်	ကျောင်းသား	ကျောင်းသား	ကျောင်းသား	ကျောင်းသား / သီးတင်းကျွတ်ကျောင်းပိတ်	ကျောင်းသား	ဒီဇင်ဘာကျောင်းပိတ်	ကျောင်းသား	ကျောင်းသား	ကျောင်းသား / ဖွင့်ကျောင်း
၅	ရာသီဥတု	နေပူ	နေပူ	နွေ / မိုးစွဲ	မိုးရွာ	မိုးရွာ	မိုးရွာ	မိုးစွဲ / နှင်းကျ	နှင်းကျ	နှင်းကျ	နှင်းကျ	နှင်းကျ	နေပူ
၆	ပွဲတော်	သင်္ကြန်ပွဲ	ဩဇာရေသွန်းပွဲ	-	ဝါဆိုသက်နှံကပ်ပွဲ	-	-	သီးတင်းကျွတ်မီးထွန်းပွဲ	ကထိန်ပွဲ	-	-	ထမနဲပွဲ	-
၇	တောင်သူဝင်ငွေ	ဝဝဝဝဝ	ဝဝဝဝဝ	-	-	-	-	-	-	ဝဝဝဝဝ ဝဝဝဝဝ	ဝဝဝဝဝ ဝဝ	ဝဝဝဝဝ ဝ	ဝဝဝဝဝ ဝဝဝဝဝ
၈	တောင်သူထွက်ငွေ	ဝဝဝဝဝ ဝ	ဝဝဝဝဝ ဝ	ဝဝ	ဝဝဝဝဝ	ဝဝဝဝဝ	ဝဝဝဝဝ	ဝဝဝဝဝ ဝ	ဝ	ဝဝဝဝဝ	ဝဝဝဝဝ	ဝဝဝဝဝ	ဝဝဝဝဝ
၉	နေ့စားဝင်ငွေ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ
၁၀	နေ့စားထွက်ငွေ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ	ဝ

48MP AI QUAD CAMERA

နောက်ဆက်တွဲ(၁)

ထီးချိုင့်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လေသာကျေးရွာအုပ်စု၊ မဲဇာလေးကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကာလသတ်မှတ်ချက်ဇယား

စဉ်	အဆိုပြုစီမံချက်အမည်	ဦးစားပေးအဆင့်	၁၉-၂၀	၂၀-၂၁	၂၂-၂၃	၂၃-၂၄	၂၄-၂၅
၁	ကျေးရွာတွင်း ၄.၀ လျှပ်စစ်မီးလိုင်း သွယ်တန်းခြင်း (၁၉၀၀')	၁					
	ကျေးရွာတွင်းကျောက်စရစ်လမ်းခင်းခြင်း(၃၀၀၀'×၁၂'×၉')						
၂	ကမ်းထိန်းနံရံတည်ဆောက်ခြင်း	၂					
၃	မြေသားလမ်းအားကျောက်ချောလမ်းခင်းခြင်း	၃					
၄	စာသင်ကျောင်းအုတ်တံတိုင်းကာရံခြင်း	၄					
၅	စက်ရေတွင်းတူးဖော်ခြင်း(စိုက်ပျိုးရေး)	၅					

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မဲဇာလေးကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၏ မြောက်ဘက်တွင်တည်ရှိပြီး ထီးချိုင့်မြို့နှင့် (၁၀)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ကျေးရွာ၏ မြောက်ဘက်တွင် လေသာကျေးရွာ၊ အောင်သာယာကျေးရွာနှင့် သစ်မုံညိုကျေးရွာတို့ တည်ရှိပြီး၊ရွာ၏တောင်ဘက်တွင် ကန်ပေါက်ကျေးရွာနှင့် သာယာကုန်းကျေးရွာတည်ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် လယ်ကွင်းများရှိပြီး အနောက်ဘက်တွင်မဲဇာချောင်းစီးဆင်းလျှက်ရှိပါ ကျေးရွာသည် မြေပြန့်မြေနိမ့်ဒေသတွင်တည်ရှိသောကြောင့် မိုးရာသီတွင်တစ်ခါတစ်ရံ မဲဇာချောင်းရေလွှမ်းမိုး မှုများခံရတတ်ပါသည်။မဲဇာလေးကျေးရွာတွင် ဗမာလူမျိုးများ နေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ရာသီဥတုမှာ အပူအအေးမျှတမှုရှိပါသည်။ကျေးရွာ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်သည် လက်မ (၆၀)နှင့် (၈၀)ကြားရှိပြီး သစ်တောပြုန်းတီးမှုကြောင့် ရာသီဥတု မမှန်ကန်မှုများ ဖြစ်ပေါ်လျှက်ရှိပါသည်။ကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၄၁၃) ဧကနှင့် ကိုင်းကျွန်းမြေ (၃၂၂)ဧက စုစုပေါင်း (၇၃၅)ဧကရှိပါသည်။ကျေးရွာ တွင်မိုးစပါးနှင့်နွေစပါးကိုသာ အဓိကထားစိုက်ပျိုးကြပါသည်။ စပါးအပြင် သီးထပ်များအဖြစ် မြေပဲ၊ နေကြာနှင့် နှမ်းအနည်းငယ်ကိုလည်း စိုက်ပျိုးကြပါသည်။မြေပြန့်ဒေသဖြစ်သော ကြောင့်မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။လယ်မြေများသည် မိုးရေကိုသာအဓိကထားစိုက်ပျိုးကြသော်လည်း မဲဇာချောင်းနှင့် ကွမ်းဘောင်ချောင်းမှ ရေစုပ် စက်များဖြင့် အလွယ်တကူတင်ယူစိုက်ပျိုးနိုင်ပါသည်။ကျေးရွာတွင် သဘာဝသယံဇာတများ မထွက်ရှိပါ။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်အိမ်ထောင်စုပေါင်း (၉၀)စုနှင့်ကျား (၁၉၃)ဦး၊မ (၂၀၈)ဦးစုစုပေါင်း (၃၉၉) ဦးရှိပါသည်။ကျေးရွာအတွင်းရှိ အုပ်ချုပ်ရေးအဖွဲ့ (ကျား - ၈ဦး)၊လူလတ်အဖွဲ့ (ကျား - ၁၀ဦး) လူပျိုအပျိုအဖွဲ့ (မ - ၁၀ဦး)၊သာသနာရေးအဖွဲ့ (ကျား - ၇ဦး မ - ၈ဦး ပေါင်း - ၁၅ဦး) နှင့် မဲဇာမြို့ပတဟိတအဖွဲ့ (ကျား - ၁၅ဦး မ -၂၀ဦး ပေါင်း - ၅၃ဦး)အဖွဲ့မှ ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုကိစ္စရပ်များ ဆောင်ရွက်လျှက်ရှိပါသည်။ မဲဇာလေးကျေးရွာ ဖွံ့ဖြိုးရေး အတွက် ဖော်ပြပါ အဖွဲ့အစည်းများ သည်တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကူညီဖေးမလက်တွဲညီညာစွာ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံစိုက်ပျိုးရေး

မဲဇာလေးကျေးရွာသည် (၂.၅)ဧကအောက်ဆင်းရဲသားတောင်သူ (၂) အိမ်ထောင်စု၊ (၂.၅)ဧကနှင့် (၅)ဧကကြားတောင်သူငယ် (၁၂)အိမ်ထောင်စု၊ (၅)ဧကနှင့် (၁၂.၅)ဧကကြား တောင်သူလတ် (၃၈)အိမ်ထောင်စု၊(၁၂.၅)ဧကနှင့်အထက် ပိုင်ဆိုင်သူတောင်သူကြီး (၂၃) အိမ်ထောင်စု စသည်တို့ရှိကြပြီး အဓိကအားဖြင့် စပါး၊ မြေပဲနှင့် နှမ်းသီးနှံများကို အားထားစိုက်ပျိုးကြပါသည်။

ကျေးရွာ၏စိုက်ပျိုးရေမှာ မိုးရေကိုသာအဓိကထားစိုက်ပျိုးလုပ်ကိုင်ကြပြီး စိုက်ပျိုးရေ အရင်းမြစ်နည်းပါးသောကြောင့်နွေရာသီတွင် သီးနှံစိုက်ပျိုးခြင်းနည်းပါးပါသည်။မိုးစပါး အထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၇၅)တင်းထွက်ရှိပြီး နွေစပါးအထွက်နှုန်းမှာ တစ်ဧက ပျမ်းမျှ (၅၀)တင်းခန့်ထွက်ရှိပါသည်။မြေပဲအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၈၀)တင်း၊ နှမ်းအထွက်နှုန်းမှာ တစ်ဧကပျမ်းမျှ (၂၀)တင်းထွက်ရှိပြီး နေကြာအထွက်နှုန်းမှာ တစ်ဧကပျှမ်းမျှ (၅၀)တင်းထွက်ရှိပါသည်။ကျေးရွာအတွင် ထွန်စက်ကြီး (၃)စီး၊လက်တွန်း ထွန်စက် (၄)စီး၊ခြွေလှေ့စက် (၁)လုံးနှင့် ရေစုပ်စက် (၂၈)လုံးရှိပါသည်။အဖွဲ့ပိုင်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်မရှိပါ။အချို့သောတောင်သူများသည် ကျေးရွာရှိစက်များကို ငှါးရမ်း လုပ်ကိုင်ကြပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေဩဇာနှင့် သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ၊ သီးနှံမျိုးစေ့များ ကိုမြှုနှင့်အလှမ်းဝေးသော်လည်း လွယ်ကူစွာဝယ်ယူရရှိနိုင်ပါသည်။ကျေးရွာတွင် တောင်သူ လုပ်ငန်းလုပ်ကိုင်ရာတွင် ရာသီဥတုမမှန်ခြင်း၊စိုက်ပျိုးရေအတွက် ဆည်မြောင်းရေ မရရှိခြင်း၊ နည်းပညာဝန်ဆောင်မှုများ အလွယ်တကူမရရှိခြင်းတို့ကြောင့် သီးနှံအထွက်နည်းခြင်း၊သီးနှံ စျေးကွက်တွင်လည်း ကုန်သည်ပွဲစားများမှတဆင့် ရောင်းချနိုင်သော်လည်း စျေးနှုန်းမှန်ကန် စွာဖြင့်မရောင်းချနိုင်ပါ။

(ခ) မွေးမြူရေးလုပ်ငန်း

မဲဇာလေးကျေးရွာတွင် နွားမွေးမြူထားသည့်အိမ်ထောင်စု (၁၇)အိမ်ရှိပြီး နွားကောင် ရေ (၇၇)ကောင်၊ကျွဲမွေးမြူထားသည့်အိမ်ထောင်စု (၄၀)အိမ်ရှိပြီး ကျွဲကောင်ရေ (၂၅၀) ကောင်၊ဝက်မွေးမြူထားသည့်အိမ်ထောင်စု (၂၃)အိမ်ရှိပြီး ဝက်ကောင်ရေ (၄၉)ကောင်၊ကြက် မွေးမြူထားသည့်အိမ်ထောင်စု (၆၈)အိမ်ရှိပြီး ကြက်ကောင်ရေ (၁၀၀၅)ကောင်နှင့်ဘဲမွေးမြူ

ထားသည့်အိမ်ထောင်စု (၁)အိမ်ရှိပြီး ဘဲကောင်ရေ (၁၀)ကောင်စသည်ဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကိုလုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ မရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာရှိအိမ်ထောင်စုများသည် လက်သမားလုပ်ငန်း၊ အပ်ချုပ်လုပ်ငန်း၊ အရောင်း အဝယ်လုပ်ငန်း၊ပညာရေးဝန်ထမ်းများစသည်ဖြင့်အခြား ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြ ပါသည်။ကျေးရွာတွင် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးမှုလုပ်ကိုင်နေကြသော မိသားစုဝင်များသည် အသက်မွေး ဝမ်းကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့်လိုက်လျောညီထွေ ဖြစ်သော အတတ်ပညာများ ကျွမ်းကျင်စွာတတ်မြောက်မှု အားနည်းပါသည်။ထို့ကြောင့် အလုပ်အကိုင် အခွင့်အလမ်း များနည်းပါးပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

တောင်သူများသည် စိုက်ပျိုးစရိတ်ချေးငွေများရရှိနိုင်ရေးအတွက် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ (၁)ဧကလျှင် (၁၅၀၀၀၀)သိန်းနှုန်းဖြင့်အများဆုံး (၁၀)ဧကအထိချေးယူနိုင် ကြပါသည်။ကျေးရွာတွင် သ/မအဖွဲ့အစည်းများမှလည်း ချေးယူရရှိပါသည်။မွေးမြူရေး လုပ်ငန်းများနှင့် စိုက်ပျိုး၊မွေးမြူရေးမဟုတ်သောအသက်မွေး လုပ်ကိုင်နေကြသော မိသားစု ဝင်များသည် ချေးငွေများလွယ်ကူစွာ လိုသလောက်မရရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းများနည်းပါးကြပါသည်။ကျေးရွာအတွင်းရှိ ငွေချေး သူများထံမှ တစ်လအတိုးနှုန်း (၅-၁၀) ရာခိုင်နှုန်းထိ ချေးယူနေကြရပါသည်။ထို့ကြောင့် အတိုးနှုန်းသက်သာသော ကာလရှည် ချေးငွေများရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး

ကျေးရွာမှ **လှေ (၆)စီး၊ စက်လှေ (၅)စီး၊** စက်ဘီး **(၅၈)**စီး၊မော်တော်ဆိုင်ကယ် **(၈၃)**စီး **ထော်လာကျီ (၃)စီး**နှင့် နွားလှည်း (၃၁)စီးစသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် မြေသားလမ်း တစ်မျိုးသာရှိပြီး မိုးရာသီတွင် ဗွက်များ၊ ချိုင့်များ ဖြစ်ကာသွားလာရ အဆင်မပြေမှုများရှိနေပါသည်။ရွာလယ်လမ်းမကြီးတစ်ခုသာလျှင် ကျောက်အနည်းငယ်ခင်းထားပါသည်။ကျေးရွာချင်းဆက်လမ်းများမှာလည်း တောင်ဘက် တွင်ကန်ပေါက်ကျေးရွာနှင့် သာယာကုန်းကျေးရွာရှိပြီး မြောက်ဘက်တွင် အောင်သာကုန်း ကျေးရွာများရှိပါသည်။ဂင်းလမ်းများမှာလည်း မြေသားလမ်းများဖြစ်၍ မိုးရာသီတွင် ဗွက်များ၊ ချိုင့်များဖြင့်သွားလာရအဆင်မပြေမှုများရှိပါသည်။ကျေးရွာ၌ ကိုယ်ထူကိုယ်ထဆောက်လုပ် ထားသော (၁၂၀'x ၆' x၆')သစ်သားတံတား (၁)စင်းရှိပါသည်။ထိုသစ်သားတံတားမှာ အနည်းငယ်ပျက်စီးယိုယွင်းနေသဖြင့် ပြုပြင်ရန်လိုအပ်နေပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး မဟာဓာတ်အားလိုင်း ရရှိပြီဖြစ်ပါသည်။ မီတာရရှိသောအိမ်များမှာ အသုံးပြုနေပြီဖြစ်သော်လည်း မီတာလျှောက်ထားဆဲအိမ်များနှင့် မီးကြိုးမဆွဲရသေးသော ထပ်တိုးအိမ်များမှာ ဆိုလာမီးကိုသာအသုံးပြုနေကြပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

မဲဇာလေးကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၈၆) လုံး၊ရေဒီယို (၂၂)လုံး၊ တီဗွီ (၄၈)လုံး၊ ဂြိုလ်တုစလောင်း (၃၈)လုံး စသည်တို့မှ **ရရှိသည့်အပြင် အနီး**အနားရှိကျေးရွာမှ ဆက်သွယ်ရေးတာဝါတိုင်များရှိသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များ ရရှိပါသည်။

၆။ ပညာရေး

မဲဇာလေးကျေးရွာရှိ ကျောင်းသား/သူများသည် အ.မ.က အဆင့်ဖြင့်ပညာသင်ကြား လျှက်ရှိပါသည်။အလယ်တန်းနှင့်အထက်တန်းပညာရေးအား (၆)မိုင်ခန့်ကွာဝေးသော အလယ်တောစံပြကျေးရွာနှင့် (၄)မိုင်ခန့်ကွာဝေးသော ကန်ပေါက်ကျေးရွာရှိ (အထက်ကျောင်းခွဲ)ကျောင်းသို့ သွားရောက်ပညာသင်ကြားကြရပါသည်။ကျောင်းတွင် ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိပါ။

ကလေးများ ပညာသင်ကြားနိုင်ရန်အတွက် အစိုးရခန့်ဆရာ(၂)ဦးနှင့် ဆရာမ(၁)ဦး ရှိပါသည်။ကျေးရွာတွင်စာမတတ်သည့်လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြပါ သည်။လွန်ခဲ့သောကာလများတွင် နယ်မြေမအေးချမ်းသောကြောင့် ပညာသင်ယူနိုင်မှုအခွင့် အလမ်းနည်းပါးခဲ့ရခြင်းဖြစ်နိုင်ပါသည်။မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၆၁.၆)ရာခိုင်နှုန်းအထိများပြားပြီး၊အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၂.၆၉) ရာခိုင်နှုန်း၊အထက်တန်းအဆင့်စာတတ်မြောက်သူများမှာ (၈.၇၃)ရာခိုင်နှုန်းနှင့် တက္ကသိုလ်

အဆင့်စာတတ်မြောက်သူမှာ (၅.၄၉)ရာခိုင်နှုန်းရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ တွင်လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင်ကျန်းမာရေးဦးစီးဌာနမှ လိုအပ်သည့်ကာကွယ်ဆေးများအား ကျေးရွာ အထိနှစ်စဉ်နှစ်တိုင်း လာရောက်ထိုးပေးလျှက်ရှိပါသည်။တိုက်နယ်ဆေးရုံသည်အလယ်တော ကျေးရွာတွင်တည်ရှိပြီး မဲဇာလေးကျေးရွာနှင့် (၆)မိုင်ခန့်ကွာဝေးပါသည်။ ထီးချိုင့်မြို့နယ် ဆေးရုံကြီးနှင့် (၁၇)မိုင်ခန့် ကွာဝေးသော်လည်း အရေးပေါ်အခြေအနေတွင် ဆေးရုံကြီးသို့ ပို့ဆောင်ပေးနိုင်သဖြင့် ကျန်းမာရေးနှင့်ပတ်သက်သည့် အခက်အခဲနည်းပါးပါသည်။

ကျေးရွာတွင် သောက်သုံးရေများကို တုံကင်တွင်းရေမှ အဓိကထားအသုံးပြုကြ ပါသည်။တုံကင်တွင်းများသည် ရေဆီများပါသဖြင့် သဲများဖြင့်ရေစစ်ကန်များပြုလုပ်၍ အသုံး ပြုကြရပါသည်။သုံးရေအနေဖြင့် မဲဇာချောင်းရေနှင့်ကွမ်းဘောင်ချောင်းရေကို အသုံးပြုကြပါ သည်။မိုးတွင်းရေကြီးချိန်တွင် ရေများနောက်ကျိနေ၍ သုံး၍မရပါ။ထီးချိုင့်မြို့နယ် စည်ပင် သာယာရေးကော်မတီမှ စက်ရေတွင်းနှင့်ရေကန်တည်ဆောက်ပေးထားသော်လည်း ရေလုံ လောက်မှုမရှိသောကြောင့် မီးဘေးအန္တရာယ်နှင့် သာရေး/နာရေးကိစ္စ ကြီးငယ် ရှိမှသာသုံးစွဲ ရပါသည်။ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာ များကိုအသုံးပြုသည့် အိမ်ထောင်စု (၉၀)စုရှိပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မဲဇာလေးကျေးရွာတွင် လက်လုပ်လက်စားကျပန်းလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများရှိသဖြင့် ၄င်းအိမ်ထောင်စုများသည် သဘာဝဘေးနှင့် စားနပ်ရိက္ခာ မဖူလုံသည့်အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရ လွယ်ကူနိုင်ပါသည်။

မဲဇာလေးကျေးရွာတွင် တွင်းထွက်သယံဇာတများမရှိပါ။သဘာဝဆေးဖက်ဝင်အပင် များနှင့် သဘာဝတိရစ္ဆာန်မျိုးစိတ်များ ရှိပါသည်။မိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှောနှင့်သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ သွေးတိုးရောဂါနှင့်ဆီးချိုရောဂါ ဖြစ်ပွားသည့်လူနာအနည်း ငယ်ရှိပါသည်။ရာသီကူးပြောင်းမှုများတွင်ဖြစ်ပေါ်သော ကြက်၊ ဝက်ဆိုင်ရာ ရောဂါများဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

မဲဇာလေးကျေးရွာ၏ ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများပါဝင်မှု မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးမှုလုပ်ဆောင်သည့် လုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင်ဆောင်ရွက်နေကြပါသည်။အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများ တွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်း ကြပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – လေသာ			ကျေးရွာအမည် – မဲဇာလေး	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေး	သက်ဆိုင်ရာ အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများစီစဉ် ဆောင်ရွက်ခြင်း။	
၂	စိုက်ပျိုးရေး	နည်းပညာ	သဘာဝဓါတ်မြေဩဇာထုတ်လုပ်ခြင်းသင်တန်းများဖွင့်လှစ်ပေးခြင်း။	
၃	စိုက်ပျိုးရေး	နည်းပညာ	မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။	
၄	စိုက်ပျိုးရေး	နည်းပညာ	ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နှင်းရေး နည်းပညာသင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။	
၅	စိုက်ပျိုးရေး	ဈေးကွက်	စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း။	
၆	စိုက်ပျိုးရေး	ဈေးကွက်	ဈေးကွက်ဆန်းစစ်ခြင်းနှင့် တန်ဖိုးမြှင့်ထုတ်ကုန် ဈေးကွက်သို့ တက်လှမ်းခြင်း။	
၇	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မြို့နယ် မွေး/ကုဋ္ဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။	
၈	မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ	တိရိစ္ဆာန် မွေးမြူရေး	မွေးမြူရေးထုတ်ကုန် ဈေးကွက် ရှာဖွေချိတ်ဆက်ခြင်း။	
၉	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။	
၁၀	ထုတ်ကုန်လုပ်ငန်းနှင့် အသေးစား_ အလတ်စား စီးပွားရေးလုပ်ငန်းများ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့်, မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်)	

ကျေးရွာအုပ်စုအမည် – လေသာ			ကျေးရွာအမည် – မဲဇာလေး	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
	ဆိုင်ရာ			
၁၁	ငွေကြေး	အသေးစား	အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။	
၁၂	ကျန်းမာရေး	ကျေးလက်ကျန်းမာရေး ဆေးပေးခန်းကာကွယ် ဆေးထိုးခြင်း	ကျေးရွာကျန်းမာရေးဆေးပေးခန်းဆောက်လုပ်ခြင်း။	
၁၃	ကျန်းမာရေး	ကျေးလက်ကျန်းမာရေး ဆေးပေးခန်းကာကွယ် ဆေးထိုးခြင်း	ရာသီအလိုက်ကျန်းမာရေးအသိပညာပေးပြောပြောပွဲများပုံမှန်ပြုလုပ်နိုင်ခြင်း	
၁၄	ကျန်းမာရေး	ကျေးလက်ကျန်းမာရေး ဆေးပေးခန်းကာကွယ် ဆေးထိုးခြင်း	သားဖွား၊အရံသားဖွားသင်တန်းများတက်ရောက်နိုင်ရန်သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက် ခြင်း	
၁၅	ကျန်းမာရေး	ကျေးလက်ကျန်းမာရေး ဆေးပေးခန်းကာကွယ် ဆေးထိုးခြင်း	ကျောင်းတွင်း၊ကျောင်းပြင်ပ ကျန်းမာရေးအထောက်အကူပြု သင်တန်းများ၊ပစ္စည်းများ စီမံဆောင်ရွက်ခြင်း	
၁၆	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကလေးများအတွက် မူကြို၊ကျောင်းဆောင်ဆောက်လုပ်ခြင်း။	
၁၇	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊သင်ထောက်ကူ	ကျောင်းသုံးပရိဘောဂများလုံလောက်စွာ ဖြည့်တင်းခြင်း။	
၁၈	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းတွင်းပညာပေးသရုပ်ပြစာစောင်များဗဟုသုတစာပေများထားရှိခြင်း။	
၁၉	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာမိန်းလမ်းမကြီးအား မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ်အဆင့်မြှင့်တင်ခြင်း။	

ကျေးရွာအုပ်စုအမည် – လေသာ			ကျေးရွာအမည် – မဲဇာလေး	
စဉ်	ကဏ္ဍ	စီမံချက် ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၂၀	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာတွင်းလမ်း ကို မြေသားလမ်းအဆင့်မှ ကွန်ကရစ်လမ်းသို့ အဆင်မြှင့်တင် ခြင်း။	
၂၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာရှိသစ်သားတံတားအား ကွန်ကရစ်တံတားပြုပြင်ဆောက်လုပ်ခြင်း (၁၈၀')။	
၂၂	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ခြင်း။	
၂၃	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ကျေးရွာဘေးရှိကွမ်းဘောင်ချောင်းရေတိုက်စားမှုမှ ကာကွယ်ရန် ရေကာတာတည်ဆောက်ခြင်း။	
၂၄	လျှပ်စစ်	မဟာဓာတ်အားလိုင်း	ကျေးရွာတွင်း ၂၄ နာရီ လျှပ်စစ်မီးလင်းရေး ၄၀၀ ဗို့လိုင်း၁၉၀၀' တိုးချဲ့ဆောင်ရွက်ခြင်း။	ဆောင်ရွက်ပြီး
၂၅	လူငယ်နှင့်အားကစား	အားကစား	အား/ကာဠီးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်း များ ဖြည့်တင်းခြင်း။	
၂၆	လူငယ်နှင့်အားကစား	လူငယ့်အခွင့်အလမ်း	ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာအသိပညာပေးဟောပြောပွဲများပြုလုပ်နိုင်ခြင်း။	
၂၇	လူငယ်နှင့်အားကစား	အားကစား	အားကစားဆိုင်ရာအသိပညာပေးဟောပြောပွဲများပြုလုပ်ပေးခြင်း	
၂၈	သယံဇာတနှင့် သဘာဝပတ် ဝန်းကျင်	သဘာဝဘေး လျော့ချရေး	သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။	
၂၉	ဆက်သွယ်ရေး		ဆက်သွယ်ရေးဇရိယာတိုင် တပ်ဆင်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများ အား ချိတ်ဆက်ခြင်း။	

မဲဇောလေးကျေးရွာ၊ လေသာကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးတင်ဌေး	ဦးညို	၅/ထခန(နိုင်) ၀၁၀၀၁၉	၅၀	ဥက္ကဋ္ဌ	၀၉-၄၅၅၃၉၅၃၄၆
၂	ဦးဝင်းကြိုင်	ဦးညို	၅/ထခန(နိုင်) ၀၅၅၇၄၅	၄၁	အတွင်းရေးမှူး	၀၉-၂၅၉၇၂၈၈၃၀
၃	ဒေါ်ခင်မော်ကြည်	ဦးထွန်းကြည်	၅/ထခန(နိုင်) ၀၄၉၄၀၅	၄၁	စာရင်းကိုင်	၀၉-၄၀၃၂၅၁၂၁၆
၄	ဒေါ်ညွန့်ရင်	ဦးဖိုးရွှေ	၅/ထခန(နိုင်) ၀၅၅၇၂၈	၄၂	ဘဏ္ဍာရေးမှူး	၀၉-၂၅၈၇၄၉၃၇၀
၅	ဒေါ်သောင်းကြည်	ဦးတိုက်ကြီး	၅/ထခန(နိုင်) ၀၁၀၉၅၃	၅၃	အဖွဲ့ဝင်	-
၆	ဦးညီညီဇော်	ဦးဝင်းမောင်	၅/ထခန(နိုင်) ၀၈၅၃၇၅	၃၀	အဖွဲ့ဝင်	၀၉-၄၄၀၉၉၄၈၄၁
၇	ဦးမျိုးကို	ဦးမောင်မြင့်	၅/ထခန(နိုင်) ၀၈၅၃၈၄	၂၃	အဖွဲ့ဝင်	၀၉-၄၄၂၈၅၇၉၃၁

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) မဲဇာလေးကျေးရွာ၏လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၆	၁	၇
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၁၆	၉	၂၅
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၇	၁၈	၃၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၀	၂၀	၃၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၃၇	၁၄၆	၂၈၃
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၇	၁၄	၂၁
စုစုပေါင်း		၁၉၃	၂၀၈	၄၀၁
စုစုပေါင်း အိမ်ထောင်စု		၉၀		

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။မဲဇာလေးကျေးရွာသည် အိမ်ထောင်စု(၉၀)စု၊ လူဦးရေ(၄၀၁)ဦး ရှိပါသည်။မဲဇာလေးကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၁.၇၄%)၊ (၅)နှစ်အောက်ကလေးငယ် (၆.၂၃%)၊မူလတန်းကျောင်းသားအရွယ် (၈.၇၂%) ၊အလယ်တန်း ကျောင်းသားအရွယ်(၇.၄၈%)၊အလုပ်လုပ်နိုင်သည့်အရွယ်(၇၀.၅၇%)၊သက်ကြီးရွယ်ကြီး(၅.၂၃%)ရှိပါ သည်။ပျမ်းမျှအနေဖြင့်အလုပ်မလုပ်နိုင်သည့်လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၉.၄၂%)ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ်ကျား (၁၃၇)ဦး၊မ (၁၄၆)ဦးစုစုပေါင်း (၂၈၃)ရှိပြီးတစ်ရွာလုံးလူဦးရေ၏ (၇၀.၅၇%) ရှိပါသည်။ပျမ်းမျှတစ်အိမ်ထောင်လျှင် (၄.၅)ဦးနှုန်းခန့်ရှိသောကြောင့် ကျေးလက် အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင်(၅) ဦးနှုန်းရှိနေပါသည်။ကျေးရွာ အတွင်းအလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက်လူသား အရင်းအမြစ်ကောင်းများအဖြစ်ထောက်ပံ့မှုပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၈၀	၁၃၄	၈၄	မြင့်□လတ်☑နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၉	၂၀	၂၇	မြင့်□လတ်✓နိမ့်☒
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၃	–	မြင့်□လတ်✓နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်☒နိမ့်□
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင်လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်□
၁၁	**လက်လီ–လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်□လတ်□နိမ့်☒
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☒
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☒နိမ့်☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	–	–	–	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	–	–	–	မြင့်☐လတ်☐နိမ့်☐
	စုစုပေါင်း	၉၀	၁၅၇	၁၁၁	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရေအတွက်တွင်"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ

လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။မဲဇာလေးကျေးရွာသည် အလုပ်လုပ်ကိုင်နိုင်သူအများအပြားရှိသည့် အနက် စိုက်ပျိုးရေးကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများနှင့် စိုက်ပျိုးမြေယာများကို အငှားလုပ်သူများ လည်းရှိပါသည်။စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းဖြင့်လုပ်ကိုင်သော မိသားစုများမရှိသော်လည်း တစ်ပိုင်တစ်နိုင်အိမ်စားရုံမျှ မွေးမြူရေးလုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။အခြားသော အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူ လက်သမားလုပ်ငန်းလုပ်ကိုင်သူ၊ အပ်ချုပ်လုပ်ငန်းလုပ်ကိုင်သူ၊ ကုမ္ပဏီဝန်ထမ်းလုပ်ကိုင်သူ မိသားစုများလည်းရှိပြီး ပညာရေးကဏ္ဍတွင် ဝန်ထမ်းလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကိုလုပ်ကိုင်သူအနည်းငယ်ရှိပါသည်။ကျေးရွာအတွင်း တစ်ပိုင်တစ်နိုင်စေးရောင်းသူ အနည်းငယ်သာရှိပြီး အခြားအသက်မွေးမှုနည်းပညာများ တတ်မြောက်သည့် အိမ်ထောင်စုနည်းပါးသဖြင့် ကျေးရွာ၏ အချို့သောအလုပ်လုပ်နိုင်သည့်သူများသည် ပြည်တွင်း၌ သွားရောက်လုပ်ကိုင်ကြပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၂၅၀၀	၂၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၅၀၀၀	၃၅၀၀	၂၅၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	-	-	-	
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	-	-	-	-
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏လုပ်ငန်းများတွင် လယ်ယာစိုက်ပျိုးရေးကိုအခြေခံ၍ လုပ်အားခများသည် ကျားနှင့် မ တန်းတူပင်ဖြစ်ပါသည်။ပြည်တွင်းသွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကိုမသိသောကြောင့် လုပ်အားခပမာဏကိုမသိရှိပါ။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၄၁၃	ကောင်း ☐	သင့်✓	ညံ့ ☐
ယာမြေ / တောင်ယာမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	-	ကောင်း ☐	သင့်☒	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၃၂၂	ကောင်း ☐	သင့်✓	ညံ့ ☐
ခနီတောမြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ	-	ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်	-	ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၇၃၅	☒		

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။မဲဇာလေးကျေးရွာတွင်လယ်မြေ (၇၃၅)ဧကနှင့် ကိုင်း/ကျွန်းမြေ (၃၂၂) ဧကရှိပါသည်။လယ်မြေ/တောင်ယာမြေများ၏ မြေဆီလွှာအရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်သည့်လယ်ယာမြေများဖြစ်သော်လည်း ရေသွင်းဆည်၊မြောင်းတို့မရှိခြင်းနှင့် ရာသီဥတုမမှန်ခြင်းတို့ကြောင့် သီးနှံထွက်နှုန်းတိုးရန် ခက်ခဲပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ✓	လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ✓ သင့်□ နည်း☒ မရှိ□	လွယ်✓ခက်☒ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ□သင့်✓ နည်း□မရှိ□	လွယ် ✓ ခက်□ အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ□ သင့်□ နည်း✓ မရှိ□	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။မဲဇာလေးကျေးရွာပိုင်နက်အတွင်း တွင်းထွက်သယံဇာတများမရှိပါ။ကျေးရွာသည် မဲဇာလေးချောင်းဘေးတွင်တည်ရှိသောကြောင့် ချောင်းရေနည်းပါးချိန်တွင် ချောင်းအတွင်းမှ ကျောက်၊ သဲ၊ ကျောက်စရစ် များကိုအလွယ်အကူရယူသုံးစွဲနိုင်ပါသည်။နွားစာနှင့် ဆေးဘက်ဝင်အပင်များ အနည်းငယ်ရှိသဖြင့် အလွယ်တကူအသုံးပြုနိုင်ပါသည်။သဘာဝတိရစ္ဆာန် မျိုးစိတ်များ အနည်းငယ်ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း(သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့်ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၃၂	၃၀	၁၄	၁၄

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။မဲဇာလေးကျေးရွာတွင် စီးပွားရေးအဆင်ပြေသော အိမ်ထောင်စု အသင့်အတင့်ရှိပါသည်။မပြေလည်သောအိမ်ထောင်စုများသည် လယ်အင်္ဂါလုပ်ငန်းလုပ်ကိုင်ခြင်းနှင့် လက်သမားလုပ်ငန်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။အလွန်မပြေလည်သော အိမ်ထောင်စုများသည်ကောက်စိုက်၊ပျိုးနုတ်စသည့် ရာသီအလိုက်ကြုံရာကျပန်း လုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်းလုပ်ကိုင်ကြပြီး အချို့မှာ ပြည်တွင်းရှိအခြားမြို့များသို့ သွားရောက်လုပ်ကိုင်ကြပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်း)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၅	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = ၂_____ လုပ်အားခကြိုယူ= ၃_____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၃	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = ၁_____ လုပ်အားခကြိုယူ= ၂_____
၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား= _____ အစာလျှော့စား= _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ= _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။မဲဇာလေးကျေးရွာရှိဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းအား စစ်တမ်းကောက်ယူရာတွင်ကောက်ယူခဲ့သည့် အိမ်ထောင်စု စုစုပေါင်း၏ (၆၂) ရာခိုင်နှုန်းမှာ (၃) လအောက် ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၃၇) ရာခိုင်နှုန်းမှာ (၃ - ၅) လ အထိသာဝမ်းစာဖူလုံမှုရှိပြီး ကျန်ကာလများတွင် ချေးငှားခြင်းနှင့် လုပ်အားခကြိုတင်ယူခြင်းဖြင့် ဖြေရှင်းကြသည်။ဆန်ရှားပါးမှုနှင့် ဆန်စျေးကြီးမှုကြောင့် အခြားအစားအစာများကို ပြောင်းလဲစားသုံးခြင်း၊ ထမင်းတစ်နပ်လျှော့စားခြင်း၊တစ်ရက်လုံးလျှော့စားခြင်းများမှာ တစ်ခါမှမဖြစ်ဖူးကြောင်းကို စားနပ်ရိက္ခာဖူလုံမှု ဆန်းစစ်ချက်ရလဒ်အရ သိရပါသည်။

(c-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		

အကြောင်းအရာ	ကျား	မ	ပေါင်း
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု		-	
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု		၁	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မဲဇာလေးကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို များရှိသော်လည်း မိသားစုဝင်ဆွေမျိုးများ မှဝိုင်းဝန်းစောင့်ရှောက်ကြပါသည်။ အခြားသောဒေသို့ ကြာမြင့်စွာသွာရောက်လုပ်ကိုင်နေသော ဆင်းရဲသည့် အိမ်ထောင်စု (၁)စုရှိပါသည်။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်🌲	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်🌲	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ်☐	နိမ့်☐	မရှိ ✓
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ 🌲
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ 🌲
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မဲဇာလေးကျေးရွာသည် ချောင်းဘေးတွင်တည်ရှိသောကြောင့် ရေကြီးချိန် တွင်မြေပြိုမှုများဖြစ်တတ်ပါသည်။ကျေးရွာတွင် သဘာဝဘေးအဘေးအန္တရာယ် ဆိုးဆိုးရွားရွား အခြေအနေမျိုးမရှိပါ။ကျန်းမာရေးနှင့်ပတ်သက်၍ ငှက်ဖျားရောဂါ၊ မိုးရာသီတုပ်ကွေး ဖျားနာခြင်း သာရှိပါသည်။ကျေးရွာသူကျေးရွာသားများ စည်းစည်းလုံးလုံးနှင့် အတူတကွနေ ထိုင်ကြသဖြင့် ပြည်တွင်းပဋိပက္ခများမရှိပါ။ရာသီကူးပြောင်းမှုများတွင် တိရစ္ဆာန်များ ရောဂါဖြစ်ပွားမှု အနည်း ငယ်တွေ့ရပါသည်။ကျေးရွာတွင်လူကုန်ကူးမှုမရှိပါ။လမ်းပန်းဆက်သွယ်ရေးအခြေအနေ သွားလာရ

လွယ်ကူပါသည်။

(၈-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် □လတ် □နိမ့်✓မရှိ □
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် □လတ် □နိမ့်□မရှိ ✓
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် □လတ် □နိမ့်✓မရှိ □
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် □လတ် □နိမ့်□မရှိ ✓
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ✓
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ **(Prone to accident)** တွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ **(IDP)**	မြင့် □လတ် □နိမ့်□မရှိ ✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် □လတ် □နိမ့်✓မရှိ □
၉	ငါးကန်ပိုင်ရှင်များ	မြင့် □လတ် □နိမ့်✓မရှိ □
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် □လတ် □နိမ့်✓မရှိ □
၁၁	လူနည်းစုလူမျိုးများ	မြင့် □လတ် □နိမ့်□မရှိ ✓
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် □လတ် □နိမ့်□မရှိ ✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် □လတ် □နိမ□မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် □လတ် □နိမ့်□မရှိ ✓
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် □လတ် □နိမ့်□မရှိ ✓
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် □လတ် □နိမ့်□မရှိ ✓
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် □လတ် □နိမ့်✓မရှိ □
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် □လတ် □နိမ့်✓မရှိ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မဲဇာလေးကျေးရွာတွင် အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုနှင့် လက်လုပ်လက်စားကျပန်း လုပ်ကိုင်သည့်အိမ်ထောင်စုများ ရှိသော်လည်းငင်း အိမ်ထောင်စုများသည် သဘာဝဘေးနှင့်စားနပ်ရိက္ခာမဖူလုံသည့် အခြေအနေများကြုံတွေ့ပါက အခြားအိမ်ထောင်စုများထက် အနည်းငယ်သာ ထိခိုက်ခံစားနိုင်ပါသည်။မိမိနေရပ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးခြင်း၊ အသက်မွေးမှုနည်းပညာ အားနည်းခြင်း တို့ကြောင့် ပြည်တွင်ရှိအခြားမြို့များသို့သွားရောက် အလုပ်လုပ်ခြင်းဖြစ်သည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး အဖွဲ့ခွဲ (ရာအိမ်မှူး)	၁☐ ၂🌲၃☐	၈	-	၈	ပညာရေး🌲ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး🌲 စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး 🌲 လုံခြုံရေးနှင့် ကာကွယ်ရေး🌲	ကောင်း 🌲 သင့် ☐ ညံ့ ☐
၂	လူလတ်အဖွဲ့	၁☐ ၂✓၃☐	၁၀	-	၁၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း✓ သင့် ☐ ညံ့ ☐
၃	လူပျိုအပျိုအဖွဲ့	၁☐ ၂🌲၃☐	၁၀	-	၁၀	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း🌲 သင့် ☐ ညံ့ ☐
၄	သာရေး/ နာရေးအဖွဲ့	၁☐ ၂✓၃☐	၇	၅	၁၂	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး✓ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း✓ သင့် ☐ ညံ့ ☐
၅	မဲဇာမြိုင်ပရဟိတအဖွဲ့	၁☐ ၂🌲၃☐	-	၃၅	၃၅	ပညာရေး☐ငွေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး☐	ကောင်း ✓ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။မဲဇာလေးကျေးရွာ၏ အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင်အမျိုးသမီးများ ပါဝင်ခြင်းမရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဖွဲ့များအားလုံးစုပေါင်း၍ ဆောင်ရွက်ကြပါသည်။ကျောင်းကော်မတီ အဖွဲ့မှာလည်း ကျောင်း၏လိုအပ်ချက်များနှင့် ကလေးများ ပညာသင်ကြားရာတွင် အခက်အခဲမရှိစေရန် အလေးထားဆောင်ရွက်နေပါသည်။မီးကော်မတီအဖွဲ့ ဝေယျာဝစ္စအဖွဲ့နှင့် ဓမ္မစကြာ်အဖွဲ့များ သည်ကျေးရွာ၏သာရေးနာရေးနှင့် အခြားသော ပရဟိတလုပ်ငန်းများတွင် အတူတကွ စုပေါင်းလုပ်ကိုင်နေကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	**အဖွဲ့အစည်း အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	-	၁☐ ၂☐၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	-	၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး☐ဌေကြေး☐ ကျန်းမာရေး☐ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ -ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)**

